လက်နက်ကြီးတပ်ရင်းအသစ်အတွက် ဒေသခံပြည်သူထံ လယ်ယာခြံမြေများ ထပ်သိမ်းယူခဲ့

လွတ်လပ်သော မွန်သတင်းအေဂျင်စီ
မေလ၂၈၊ ၂၀၀၃ ခု

မွန်ပြည်နယ် ရေးမြို့နယ် မြောက်ပိုင်းဒေသ မော့ကနင်ကျေးရွာအနောက်ဘက် လက်နက်ကြီးတပ်ရင်းအသစ်တခု တည်ဆောက်ရန်အတွက် နအဖစစ်တပ်တို့က ဒေသခံမွန်ပြည်သူတို့ထံမှ လယ်ယာမြေ ခြံကေပေါင်း ၆၀၀ ကျော်ကို လျော်ကြေးငွေ မပေးဘဲ ထပ်မံသိမ်းယူလိုက်ပါသည်။

လက်နက်ကြီး တပ်ရင်းအသစ် ၃၁၇ ကို တည်ဆောက်ရန်အတွက် နအဖစစ်အစိုးရတို့မှ မော့ကနင်ရွာသစ် အနောက်မြောက်ဘက်မှ နစ်ကရင်ကျေးရွာအနီးထိ ရှိသော ဒေသခံများ ပိုင်ဆိုင်သည့် ရော်ဘာခြံမြေများနှင့် အခြားဥယျာဉ်ခြံမြေများကို သိမ်းယူခဲ့ခြင်းဖြစ်သည်။

''ဒီတစ်ခါ သိမ်းယူတာလဲ စစ်အာဏာပိုင်တို့က ယင်းကအလိုပဲ ဘာမှ လျော်ကြေး မပေးဘူး၊ လာသိမ်း တော့လဲ သတင်းမပေးဘူး၊ သိမ်းတာနှင့် သိမ်းတဲ့နေရာကို တိုင်လာစိုက်တာပဲ'' ဟု ဒေသခံများက လွတ်လပ်သော မွန်သတင်း အေဂျင်စီကို ပြောပါသည်။

အသစ်တည်ဆောက်မည့် လက်နက်ကြီးတပ်ရင်းအသစ် ၃၁၇ သည် လက်နက်ကြီးတပ်မ ၆၀၆ ၏ လက် အောက်တွင် ရှိပြီး၊ တပ်ရင်းဆောက်ရန်အတွက် လိုအပ်သည့်မြေအထက် ပိုမိုသိမ်းယူခဲ့ပါသည်။

''တပ်ရင်းတခု တည်ဆောက်ဖို့ ဆိုယင် တပ်ရင်းတရင်းအတွက် မြေကေ ၃၀၀ ပဲ သိမ်းယူပိုင်ခွင့် ရှိပြီး၊ အပို သိမ်းယူပိုင်ခွင့် မရှိဘူး'' ဟု စစ်ဘက်ဆိုင်ရာ နားလည်သူတစ်ဦးက လွတ်လပ်သော မွန်သတင်းအေဂျင်စီကို ပြောပါသည်။

သို့သော်လည်း နအဖစစ်အာဏာပိုင်တို့က လက်နက်ကြီးတပ်ရင်းအသစ်များ ချရာတွင် လယ်ယာခြံမြေများကို ကေ ၆၀၀ ကျော်မှ ၉၀၀ အကြာ သိမ်းယူခဲ့ပါသည်။

လွတ်လပ်သော မွန်သတင်းအေဂျင်စီ၏ လေ့လာတွေ့ရှိချက်အရ နအဖစစ်အစိုးရမှ မွန်ပြည်နယ်အတွင်း လက်နက်ကြီးတပ်ရင်း ၁၀ နေရာမျှ တည်ဆောက်ရန် အစီအစဉ်ရှိခဲ့ပြီး ယခုအခါ ၄င်းတို့မှ လက်နက်ကြီးတပ်ရင်း အသစ် ၉ နေရာ တည်ဆောက်ခဲ့ပြီး ဖြစ်ပါသည်။

လွန်ခဲ့သည့်နှစ်များတွင် မွန်ပြည်နယ်အတွင်း၌ လက်နက်ကြီးတပ်ရင်းများ တပ်ချရာ၌သော်လည်းကောင်း၊ ရိုးရိုးတပ်ရင်းများ တပ်ချရာ၌သော်လည်းကောင်း နအဖစစ်အာဏာပိုင်များသည် ဒေသခံပြည်သူများထံမှ တန်ဖိုးများ စွာရှိသည့် လယ်ယာခြံမြေ များကို ကေထောင်ချီ လျော်ကြေးတပြားတချပ်မှ မပေးပဲ အဓမ္မ သိမ်းယူခဲ့ပြီးဖြစ်ပါသည်။

လယ်ယာခြံမြေ အသိမ်းခံရပြီးနောက် လျော်ကြေးငွေမရသည့်အတွက် ဒေသခံပြည်သူများသည် အစိုးရ အပေါ် အထူးမကျေမနပ်မှုများ ဖြစ်ပေါ်ခဲ့ပြီး အလုပ်အကိုင်မဲ့ အခြေအနေသို့ ရောက်ရှိခဲ့သည်။

လယ်ယာခြံမြေ အသိမ်းအဆည်းခံရသူများသည် လုပ်ငန်းအသစ်ထူထောင်ရန် ငွေအရင်းအနှီး မရှိ၍ နီး စပ်ရာ အိမ်နီးချင်းနိုင်ငံများသို့ အလုပ်ရှာထွက်နေခဲ့ကြရပြီး၊ အိမ်နီးချင်းနိုင်ငံများသို့ မသွားနိုင်သူများသည် ငြီးငြူ နေကြလျှက် ရှိသည်။